FMI

## ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများအား နောက်တစ်ဆင့်ပြင်ဆင်ဖွဲ့စည်းခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအုပ်စု၏ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှု ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅)ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ကြေညာချက်အား ရည်ညွှန်း၍ ဆက်လက် ထုတ်ပြန် ခြင်းဖြစ်ပါသည်။

အထက်ရည်ညွှန်းပါ ကြေညာချက် ထုတ်ပြန်ပြီးသည့်နောက်တွင် FMI ကုမ္ပဏီသည် SHC Capital Asia Ltd (SHC) ၊ Yoma Strategic Investment Ltd. (YSIL) ၊ Exemplary Ventures Ltd. (EVL) တို့နှင့် ကန့်သတ်စည်းကမ်းပါ ရှယ်ယာရောင်းဝယ်မှု သဘောတူညီချက်ကို ၂၀၁၆ ခုနှစ်၊ ဓ အောက်တိုဘာလ (၂၄)ရက်နေ့တွင် ချုပ်ဆိုခဲ့ပါသည်။ အဆိုပါ သဘောတူညီချက်အရ YSIL၊ EVL နှင့် FMI ကုမ္ပဏီတို့ သည် Target Company အား သတ်မှတ်ထားသည့်အချိုးအတိုင်း ဖွဲ့စည်းတည်ထောင်၍ အဆိုပါ Target Company ၏ ရာနှုန်းပြည့်ပိုင်ဆိုင်မှုကို SHC သို့ လွှဲပြောင်း ရောင်းချပေးရန် ဖြစ်ပါသည်။ စာချုပ်ဝင်များအနေနှင့် သဘောတူညီချက်ပါ စည်းကမ်းချက်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် နောက်ထပ်သဘောတူညီချက်များကို လိုအပ်သလို ဆောင်ရွက် ရမည်ဖြစ်ပါသည်။

SHC သည် Singapore Stock Exchange Securities Trading Ltd. (SGX) ၏ Catalist Board တွင် စာရင်းဝင်ကုမ္ပဏီ တစ်ခုဖြစ်ပြီး YSIL သည် FMI ကုမ္ပဏီအုပ်စု၏ မိတ်ဖက် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

သဘောတူညီချက်ပါ စည်းကမ်းချက်များတွင် သက်ဆိုင်သည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ သဘောတူညီမှုရယူရန် လိုအပ်သည့် အပြင် စုံစမ်းစိစစ်မှုများကို ကျေနပ်လုံလောက်သည်အထိဆောင်ရွက်ရန် စသဖြင့်ပါရှိပါသည်။ အထက်ပါ လိုအပ်ချက်များ ပြည့်မီ ပြီးနောက် အဆိုပါ Target Company သည် မြန်မာနိုင်ငံရှိ အောက်ဖော်ပြပါ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် စီးပွားရေး လုပ်ငန်းများ (Target Businesses) တွင် ရှယ်ယာဝယ်ယူခြင်း နည်းလမ်းဖြင့်ဖြစ်စေ ၊ ရင်းနှီးမြှုပ်နှံခြင်းဖြင့်ဖြစ်စေ ရယူမည် ဖြစ်ပါသည်။

(၁) မြန်မာနိုင်ငံ၊ ပုဂံမြို့တွင် "Balloons Over Bagan" အမည်ဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် မိုးပျံဘောလုံးလုပ်ငန်း (BOB Business)၊

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုချက်ရရှိပြီးဖြစ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံကုမ္ပဏီဖြစ်သော Pun Hlaing Lodge Hotel Management Ltd. မှ တည်ဆောက်ဆဲ Pun Hlaing Lodge ခေတ်မီဟိုတယ်စီမံကိန်း လုပ်ငန်း၊

(၃) Chindwin Investment Ltd. မှ ပိုင်ဆိုင်သည့် မြန်မာနိုင်ငံ၊ ညောင်ဦးမြို့တွင် တည်ဆောက်အကောင်အထည်ဖော်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်း လုပ်ငန်း (BL Business)၊

(၄) Traditional Lodge Company Ltd. မှ ဆောင်ရွက်လျက်ရှိသော ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ "Hpa-An Lodge" ဟိုတယ်လုပ်ငန်း၊

(၅) Asia Holiday Travel & Tour Co., Ltd. မှ ဆောင်ရွက်လျက်ရှိသော "Asia Holidays" ခရီးသွားလုပ်ငန်း၊

အထက်ပါ အတိုင်း Target Company မှ Target Businesses များကို ရယူပြီး ချိန်တွင် SHC က တန်ဖိုးငွေ စင်ကာပူဒေါ်လာ 70,675,130 (ကျပ် ၆၄၇၀၀ သန်း ခန့်) [1] ("အဖိုးအခ") ဖြင့် Target Company အား ဝယ်ယူသွားမည် ဖြစ်ပါသည်။ အဆိုပါ အဖိုးအခကို SHC ၏ သာမန်အစုရှယ်ယာ အသစ်များ (ပေးချေသည့် ရှယ်ယာများ)ကို အစုရှယ်ယာ တစ်စုလျှင် တန်ဖိုးငွေ စင်္ကာပူဒေါ်လာ (၀.၂၆၃) ဖြင့် တန်ဖိုးသင့်၍ အောက်ပါဇယား အတိုင်း ထုတ်ဝေပေးချေမည် ဖြစ်ပါသည်။ အဆိုပါပေးချေမည့် ရှယ်ယာများသည် SGX ၏ Catalist Board တွင် စာရင်း ဝင်မည် ဖြစ်ပါသည်။

ပေးချေသည့် ရှယ်ယာများကို အောက်ပါအတိုင်း ခွဲဝေသွားမည်ဖြစ်ပါသည်။

| ကုမ္ပဏီ | ရှယ်ယာအရေအတွက် | ရရှိမည့် ရာခိုင်နှုန်း |
|---|---|---|
| FMI ကုမ္ပဏီ | ၄၁,၉၄၇,၄၂၆ | ၁၅.၆၁% |
| YSIL | ၁၆၇,၀၇၈,၈၄၈ | ၆၂.၁၇% |
| EVL နှင့် ၎င်းမှလွှဲအပ်ထားသူများ | ၅၉,၇၀၀,၄၅၇ | ၂၂.၂၂% |
| စုစုပေါင်း | ၂၆၈,၇၂၆,၇၃၁ | ၁၀၀% |

အထက်ပါ ရှယ်ယာ ဝယ်ယူမှုတန်ဖိုးကို ရောင်းလိုသူနှင့် ဝယ်ယူလိုသူတို့အကြား လွတ်လပ်စွာညှိနှိုင်းဆွေးနွေးပြီး နောက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။

**အခြေခံစဉ်းစားဆုံးဖြတ်ချက်**

ဒါရိုက်တာအဖွဲ့အနေနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၌ တိုးတက်မှုအလားအလာရှိခြင်းကို ကောင်းစွာယုံကြည်ထားသည် ဖြစ်၍ ဤလုပ်ငန်းကဏ္ဍတွင် ကုမ္ပဏီအုပ်စုမှ ရင်းနှီးမြှုပ်နှံထားမှုကို တိုးချဲ့ရန်လိုအပ်ပါသည်။ လက်ရှိရင်းနှီးမြှုပ်နှံ ထားမှုကို ပြင်ဆင်ဖွဲ့စည်းခြင်းအားဖြင့် ခရီးသွားလုပ်ငန်းနှင့်ဆက်နွယ်သည့် လုပ်ငန်းမျိုးစုံတွင် ကုမ္ပဏီအုပ်စုအနေဖြင့် ပါဝင်ဆောင်ရွက်ခွင့် ရရှိစေမည်ဖြစ်သကဲ့သို့ ကမ္ဘာကျော်လုပ်ငန်းဖြစ်သည့် "Balloons Over Bagan" မိုးပျံဘောလုံး လုပ်ငန်းတွင်လည်း ဆက်လက်ရင်းနှီးမြှုပ်နှံထားမည် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြင့်ကျက်ခြင်းဖြင့် ကုမ္ပဏီအုပ်စုသည် အနာဂတ်ကာလ မြန်မာနိုင်ငံ၏ အောင်မြင်သော ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အခြေအနေကောင်းတစ်ရပ် ရရှိလာမည် ဖြစ်ပါသည်။

"ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုတွင် အဓိကကျသည့်အပြင် ကျွန်တော်တို့၏ ခရီးသွားဝန်ဆောင်မှုနှင့် သက်ဆိုင်သည့်ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ၏ အခြားခရီးသွားဝန်ဆောင်မှု လုပ်ငန်းရှင်ကြီးများနှင့် အတူ ပူးပေါင်းဆောင်ရွက်၍ သီးခြားလုပ်ငန်းစုအဖြစ် ခွဲထုတ်ဖွဲ့စည်းခြင်းသည် ရေရှည်တွင် ကျွန်တော်တို့၏ ရှယ်ယာရှင်များ အတွက် ပို၍ အကျိုးရှိစေမည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့၏ SHC တွင် ပါဝင်မှုသည် ကျွန်တော်တို့ လက်ရှိရင်းနှီးမြှုပ်နှံထားသည့် ခရီးသွားလုပ်ငန်းတို့၏တန်ဖိုးကို တင်ရှားမြင်သာစေသည့် အပြင် အတူတကွပူးပေါင်းဆောင်ရွက်မှုကြောင့် အကျိုးပိုမိုဖြစ်ထွန်းပြီး မြန်မာနိုင်ငံ၏ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဈေးကွက်တွင် လုပ်ငန်းတိုးချဲ့ရန်အတွက် လိုအပ်သည့် အရင်းအနှီးများကို ရယူနိုင်မည်" ဟု ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးသိမ်းဝေ မှ ပြောကြားပါသည်။

အထက်ပါအတိုင်းပြင်ဆင်ဖွဲ့စည်းပြီးနောက် SHC သည် မြန်မာနိုင်ငံအထူးပြုခရီးသွားလုပ်ငန်းကုမ္ပဏီအဖြစ် ပြောင်းလဲသွားမည် ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း အခြားခရီးသွားကဏ္ဍလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်ဖြစ် ပါသည်။ SHC သည် Mr. Michel Novatin အား အမှုဆောင်အရာရှိချုပ်အဖြစ်ခန့်အပ်၍ စီမံခန့်ခွဲမှုအဖွဲ့အား

[1] ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှထုတ်ပြန်သော နိုင်ငံခြားငွေလဲလှယ်နှုန်းထားအပေါ် အခြေခံတွက်ချက်ထားပါသည်။

ဦးဆောင်စေမည်ဖြစ်သည်။ Mr. Michel Novatin သည် ခရီးသွားလုပ်ငန်းတွင် ဂါရင့်အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပြီး အဆင့်မြင့်ဟိုတယ်များအား စီမံခန့်ခွဲအုပ်ချုပ်မှု အပိုင်းတွင် နှစ်ပေါင်း ၄၀ ကျော် ဆောင်ရွက်ခဲ့ပါသည်။ သူသည် Kempinski Hotels, Steigenberger Hotels and Resorts နှင့် The Danone အုပ်စုများတွင် အဓိကဦးဆောင်စီမံခန့်ခွဲသူအဖြစ် လုပ်ကိုင်ခဲ့ပါသည်။

### ဘဏ္ဍာရေးဆိုင်ရာအကျိုးသက်ရောက်မှုများ

ရှယ်ယာရောင်းဝယ်မှု သဘောတူညီချက်ပါ ကိစ္စရပ်များအားပြီးမြောက်အောင် ဆောင်ရွက်ပြီးချိန်တွင် FMI ကုမ္ပဏီအနေနှင့် Target Company ၏ (၁၅.၆၁)% ပိုင်ဆိုင်မှုအား SHC ကုမ္ပဏီ၏ ရှယ်ယာ (၁၃.၄၃)% ပိုင်ဆိုင်မှုနှင့် ဖလှယ်သွားရမည် ဖြစ်ပါသည်။ ဤသို့ ရှယ်ယာဖလှယ်မှုတွင် ငွေသားအပေးအယူမပါဝင်သော်လည်း ကုန်ကျသော စရိတ်စကများကို FMI ကုမ္ပဏီအနေနှင့် အချိုးကျ ကျခံရန် လိုအပ်ပါသည်။ စုစုပေါင်း ကျပ် (၃၃၈.၈ သန်း) ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။

ဤကြေညာချက်ထုတ်ပြန်ချိန်တွင် လက်ရှိ BOB Business နှင့် BL Business တို့အား ပိုင်ဆိုင်သည့် Chindwin Holdings Pte. Ltd. ရှိ FMI ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုသည် ကျပ် (၆,၃၇၄ သန်း) ရှိသည်ဖြစ်ရာ ငွေပမာဏသည် ကုမ္ပဏီအုပ်စု၏ အသားတင် ပိုင်ဆိုင်မှု စုစုပေါင်း၏ (၃.၂၈)% ခန့် ရှိပါသည်။ အထက်ပါအစုရှယ်ယာဖလှယ်ခြင်းဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ(၃၁)ရက်နေ့တွင် ကုန်ဆုံးသော လက်ရှိဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေအပေါ် သိသိသာသာပြောင်းလဲမည်မဟုတ်ကြောင်း တင်ပြအပ်ပါသည်။

### ဂရုပြုရန်

ဒါရိုက်တာအဖွဲ့အနေဖြင့် FMI ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသို့ အကြံပြုလိုသည်မှာ အထက်ပါအရေးကိစ္စ အား စတင်ဆောင်ရွက်ပြီ ဖြစ်သော်ငြားလည်း ယင်းရှယ်ယာရောင်းဝယ်မှုသဘောတူညီချက် ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆင့်များကျန်ရှိနေပြီး အကျိုးဖြစ်ထွန်း ပြီးမြောက်အောင်မြင်လိမ့်မည်ဟု တစ်ထစ်ချ မမှတ်ယူစေလိုပါ။ ထို့ကြောင့် FMI ကုမ္ပဏီ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်ရာတွင် ဂရုပြုအရောင်းအဝယ်ပြုလုပ်ပါရန် နိုးဆော်အပ်ပါသည်။

ဒါရိုက်တာအဖွဲ့၏အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm